
http://www.dhammadownload.com



# မိုးကုတ်ဝိပဿနာ ပဏ္ဏာမအရသာ

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော တရားဒေသနာများမှ ထုတ်နုတ်၍ ဝိပဿနာယောဂီများ အကျိုးငှာ ဖြန့်ဝေပါသည်။

http://www.dhammadownload.com

http://www.dhammadownload.com

# အမှာစာ

ဤစာအုပ်သည် မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ တည်ထောင်စ အချိန်ကာလ ၁၉၆၆-ခုနှစ်ခန့်က ပထမအကြိမ် ထုတ်ဝေခဲ့ခြင်းဖြစ်ရာ ယောဂီပုဂ္ဂိုလ်များအား ဆရာတော်ဘုရားကြီး၏ တရားတော်များကို နာယူလိုစိတ် ဖြစ်ပေါ်လာစေရန် တရားအမြည်းပေးခြင်း ဖြစ်ပါသည်။ ထိုအချိန်က အဖွဲ့၏ တည်နေရာသည် နတ်မောက်လမ်းသို့ မပြောင်းရွှေ့ ရသေးပါ။ စာအုပ်တွင် ဖော်ပြခဲ့သည့်အတိုင်း ရွှေတိဂုံစေတီတော် မြောက်ဘက်ရှိ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ဖြစ်ရာ ဆရာတော်ဘုရား၏ တရားတော်များကို နေ့စဉ် နေ့လယ် (၁) နာရီတွင် ဖွင့်လှစ်ပေးထားသဖြင့် ဒိဋ္ဌိပြုတ်လိုသူတိုင်း ကြွရောက်နာကြားပါရန် ဖိတ်ကြားအပ်ပါသည်ဟု ရေးသားပြီး လူစုနေရချိန် ဖြစ်ပါသည်။

လက်ရှိ အနေအထားမှာမူ အဖွဲ့ချုပ် စတင်တည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း (၃၃) နှစ် ကြာမြင့်လာပြီဖြစ်၍ မြို့နယ်အဖွဲ့ခွဲပေါင်း (၂၂၀) ဖွဲ့ ရှိပြီဖြစ်ပါသည်။ တတိယအကြိမ် မိုးကုတ်ဝိပဿနာ ဓမ္မသဘင်ကိုပင် ၁၉၉၆-ခုနှစ်ဆန်း၌ အဖွဲ့ချုပ်တည်ရာ နတ်မောက်လမ်းတွင် ဆင်ယင်ကျင်းပနိုင်ခဲ့ပြီးဖြစ်ပါသည်။ ဥက္ကဋ္ဌကြီး ဦးသံဒိုင် အမှူးပြုသော အမှုဆောင်အဖွဲ့ဝင်တို့၏ ကြိုးပမ်းမှုများသည် ယနေ့ ခံစားနေကြရပြီဖြစ်ပါသည်။

http://www.dhammadownload.com



ယခုအခါ အဖွဲ့ချုပ်၌ တရားအားထုတ်ကြသူ ယောဂီများဖြင့် စည်ကားသိုက်မြိုက်လျက် ရှိနေပြီဖြစ်ရာ လစဉ် ၁၀ ရက်စခန်းနှင့် ၇ ရက်စခန်းများ ဖွင့်ထားပါသည်။ ဝါတွင်း၌ လစဉ် ၁၀-ရက်စခန်း ၂-ကြိမ် ရှိပါသည်။ ကြားရက်များတွင်လည်း နေ့စဉ် ဆရာတော်ဘုရား၏ တရားတော်များကို နာရီခြား၍ ဖွင့်ပေးလျက်ရှိသဖြင့် မည်သူမဆို ရိပ်သာသို့ ကြွရောက်ပြီး တရားတော်ကို နာယူနိုင်ကြပါသည်။ ဝိပဿနာတရားကို အားထုတ်နိုင်ကြပါသည်။ မြို့နယ် အဖွဲ့ခွဲများ၌လည်း အခါအားလျော်စွာ တရားစခန်းများ ဖွင့်လှစ်လျက်ရှိသဖြင့် တရားအရသာ ခံစားလိုသူများ မိုးကုတ်ရိပ်သာခွဲများနှင့် ဆက်သွယ်အားထုတ်နိုင်ကြပါသည်။

ဆရာတော်ဘုရားသည် ဒကာ ဒကာမ အပေါင်းအား စေတနာထား၍ နားမလည် နားလည်အောင် နည်းမျိုးစုံဖြင့် ဟောကြားတော်မူရာတွင် ယုံကြည်မှုသဒ္ဒါ ထက်သန်စေရန် အထောက်အထား သာဓကများ၊ အကိုးအကား ကျမ်းဂန်များ ဖော်ပြပြီး ဟောကြားတော်မူပါသည်။ ထို့ကြောင့် တရားနာ ဒကာ၊ ဒကာမများ အထူးအကျိုးရှိပြီး၊ ခန္ဓာအရှိ ဉာဏ်နှင့်သိတိုင်း တရားတော်၏ အနှစ်သာရတို့ ထင်မြင်လာပါသည်။ တရားတော် စာအုပ်များကို ထပ်ခါထပ်ခါ ဖတ်ရှုခြင်းဖြင့် ပို၍ ပို၍ သဘောပေါက်လာပြီး ဗုဒ္ဓမြတ်စွာ၏ တရားအနှစ်အရသာကို ခံစားနိုင်ကြပါသည်။

ကိုးကွယ် အားထားထိုက်သော တရားတော် ဖြစ်သဖြင့် အမြည်းသဘော ပဏာမ အရသာကို အနည်းငယ် ဖော်ပြရပါလျှင်....

http://www.dhammadownload.com



အမှတ်စဉ်-(၂၃)၊ စာမျက်နှာ-(၁၄၄)

နဂိုက ကမ္မဿကတဉာဏ် ကလေးနဲ့ ကောင်းတာလုပ် ကောင်းကျိုးပေးမယ်နဲ့၊ ဒါနဲ့ အချိန်ကုန်ကြတာ.... (မှန်လှ ပါဘုရား)။ သာသနာလသာတုန်း ဝိပဿနာအလုပ်ကို လုပ် ကြလို့ပြောတာ၊ နောင်ကိုတော့ ပေါ်မှာမဟုတ်ဘူး၊ ပျောက် ဖို့သာရှိတယ်၊ ဦးဘသန်းနော်၊ အခုလဲ ဘုန်းကြီးတို့ တစ် သိုက်မှာ ကွက်ကွက်ကလေး ပေါ်နေတာ အင်မတန် နည်းပါ တယ်။

အမှတ်စဉ်-(၂၅)၊ စာမျက်နှာ-(၃၅၃)

ခင်ဗျားတို့ဟာ နောက်ဆုံးပိတ်ဘဝ ထားပြီး လုပ်ပါ။ ရွာထဲ မြို့ထဲက လူတွေက ဘာပြောပြော မသိပြောလို့သာ ကိုယ့်စိတ်ထဲမှာထားပြီး ကိုယ့်အတွက် ဇာတိမီး၊ ပဝတ္တိမီး၊ မရဏမီး၊ မီးသုံးမီးပေါ်က လွတ်ဖို့ကို ကိုယ့်ဟာကိုယ်သာ ရှုန်း၊ သူများ ဘာပြောပြော ကိုယ့်ဟာကိုယ်ရှုန်းမှ ကိုယ် လွတ်မှာ။

အမှတ်စဉ်-(၃၃)၊ စာမျက်နှာ-(၁၂၈)

အသိဉာဏ်ရှိတဲ့ပုဂ္ဂိုလ်က ပြောတာကို အသိဉာဏ်နည်းတဲ့ ပုဂ္ဂိုလ်က ဆင်ခြေလဲပြီးသကာလ နေလို့ရှိရင်ဖြင့် ဒကာ ကြွယ် အမှားတော်ပုံကြီး ကြီးလှပါတယ်၊ ခင်ဗျားတို့က နားထောင်လို့ရှိရင်ဖြင့် ဒီတရားအဆုံးမှာ ကျွတ်တမ်းဝင်နိုင် တဲ့ စွမ်းရည်သတ္တိ ရှိကြတာပဲတဲ့။

မိုးကုတ်ဝိပဿနာ တရားတော်များကို အထူးဖော်ပြရန် ပင် လိုမည် မထင်တော့ပါ၊ ဆရာတော်ဘုရားကြီး၏ တရား

http://www.dhammadownload.com



တော်စာအုပ်၊ အမှတ်စဉ်-(၁)မှ အမှတ်စဉ်-(၃၃) အထိ အကြိမ်ကြိမ် ပြန်လည်ရိုက်နှိပ်ခဲ့ရာတွင် ၁၉၉၅ ခုနှစ် အထိ စာအုပ်ရေပေါင်း (၃၆၉၀၀၀) သုံးသိန်း ခြောက်သောင်း ကိုးထောင်ကျော် ဖြန့်ဝေပြီး ဖြစ်ပါသည်။ နောက်ထပ် စာအုပ်အသစ်များကိုလည်း တရားတော် အမှတ်စဉ်-(၄၂) အထိ ရိုက်နှိပ်ထုတ်ဝေရန် စီစဉ်ထားပြီး ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးနှင့် ပတ်သက်၍ အဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌနှင့် ငွေထိန်းဖြစ်သူ ဦးမြင့် ပြောကြားသော စကားကို သတိရမိပါသည်။ မိုးကုတ်မြို့တွင် ဆရာတော်ဘုရားအား ဦးမြင့်၏မိခင်ဖြစ်သူ ကျောင်းအမကြီး အမေဖုံက "အရှင်ဘုရားက တရားဟောတဲ့ နေရာမှာ ဒါနခန်း၊ သီလခန်းတွေ မဟောတ်ဘဲ၊ သစ္စာဆိုက်အောင် ထိထိမိမိဟောနေတော့ အရှင်ဘုရားကို မုန်းနေကြပြီ၊ သတိထားဟောပါ"လို့ လျှောက်ထားရာ ဆရာတော်ဘုရားက "မဖုံ သူတို့က အခုမှ မုန်းတာ၊ ကျုပ်ကိုယ်ကျုပ် မုန်းတာကြာပြီ"လို့ မိန့်ကြားခဲ့ပါသည်။ ဤစကားသည် အထူးနာယူမှတ်သား ထိုက်လှသဖြင့် တပည့် ဒကာ ဒကာမ များအတွက် အားကိုး အားထားနိုင်ရန် ဖော်ပြအပ်ပါသည်။

အမှုဆောင်အဖွဲ့
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်
ပြန့်ပွားရေးအဖွဲ့ချုပ်၊
အမှတ်-ဂ၂၊ နတ်မောက်လမ်း၊ ဗဟန်း၊
ရန်ကုန်မြို့။

http://www.dhammadownload.com

# မိုးကုတ်ဝိပဿနာ တရား၏ ပဌမ အရသာ

## ခန္ဓာကိုယ်ကြီးဟာ တရားပဲ

တရားအားထုတ်တယ် - တရားအားထုတ်တယ် ဆိုကြပေမယ့် ခန္ဓာဉာဏ်ရောက်မှုမရှိဘဲ တရားအားထုတ်နေရုံနှင့် လိုရင်းမပါဘူးဟု ဆိုရပေမည်။ ဒါကြောင့် ခန္ဓာဉာဏ်ရောက်မှုသည် အဓိကဖြစ်သည်။ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးကဲ့သို့သော သစ္စာနှင့် ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်းကို ဟောကြားသော ဆရာကောင်း - လမ်းညွှန်ကောင်း၏ ဥပနိဿယကို ကြားနာမှုရမှသာလျှင် ခန္ဓာဉာဏ်ရောက်ဖို့ လွယ်ကူပေလိမ့်မည်။

အလုပ်တရားစ,ရင် ခန္ဓာကိုယ်ကြီးဟာ တရားပဲ၊ ခန္ဓာကြီးဟာ အရင်းခံပဲ၊ သစ်ပင်ကြီး၏ ဥပမာကဲ့သို့ပင် ဖြစ်တယ်။ အပွေးလဲ ၎င်းမှာပင် ရှာ၍ရနိုင်တယ်။ အခေါက်, အကာ, အသား, အနှစ်, အသီး, အပွင့်, ဝတ်မှုန်, ဝတ်ဆံ, အရွက်, အခက်အလက်စသည်ဖြင့် အစုံအလင် ၎င်းမှာ ရှာ၍ရနိုင်သလို ခန္ဓာကြီးဟာလဲ ပင်မကြီးပင်ဖြစ်တယ်။ ရုပ်ဆိုတာလဲသူပဲ, ဝေဒနာဆိုတာလဲ သူပဲ, သညာဆိုတာလဲ သူပဲ, သင်္ခါရဆိုတဲ့ စေတနာ

http://www.dhammadownload.com



ကံတွေလဲ သူပဲ့ ဝိညာဏ်ဆိုတဲ့ စိတ်ဆိုတာလဲ သူပဲ့ သုခ ဆိုတာလဲ သူပဲ့ ဒုက္ခဆိုတာလဲ သူပဲ့ ဒွါရခြောက်ပါးဆိုတာလဲ သူပဲ့ ဒွါရခြောက်ပါးမှာ ပေါ်လေသရွေ့သူ့မှိပြီး ပေါ်တာချည်းပဲ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားတွေလဲ သူ့အပေါ်မှာ ပေါ်တာပဲ၊ ၎င်းမှဖြာ၍ ထွက်တဲ့တရားတွေချည့်ပါပဲ၊ ဒါကြောင့် မြတ်စွာဘုရားသည်လည်း အလုပ်တရားဟောရင် ခန္ဓာကြည့် ဟောတော်မူတာပဲ။

ဒါကြောင့် တရားရှာ ခန္ဓာတွေ့တယ်ဟု ဟောတော်မူခြင်းဖြစ်တယ်။ ခန္ဓာရှိလျက်သားနဲ့ တရားမရှာတတ်လို့၊ တရားရှိလျက်သားနဲ့ တရားမရှာတတ်လို့၊ သုတဝါအရိယသာဝကောထံမှ တရားနာမှုသည် ပညာမျက်လုံးမရသေးလို့ ပညာမျက်လုံးလာယူတယ်ဟု မှတ်ပါ၊ ပညာမျက်လုံးနဲ့ ခန္ဓာကို ကြည့်ရမှာ၊ ခန္ဓာကြည့်တော့ ခန္ဓာ၏ ပင်ကိုသဘောကို ခန္ဓာကပြောလိမ့်မယ်။ သူပြော-လူပြော မယူနဲ့၊ ခန္ဓာကပြောတာ အမှန်ယူ၊ ခန္ဓာကပြောတာ အမှန်ယူတော့ ခန္ဓာညာဏ်ရောက်သွားတယ်။ ခန္ဓာအမှန်သိမှ ယထာဘူတညာဏ်ကို ရနိုင်တယ်။ ခန္ဓာအမှန်သိအောင်လဲ ပဋိစ္စသမုပ္ပါဒ်သိမှ ခန္ဓာ၏ဖြစ်စဉ်ကို သိမယ်။ ခန္ဓာဘယ်ကစသလဲ၊ ဘယ်နေရာကနေပြီး ဆက်သလဲဆိုတာ သိဖို့အရေးကြီးတယ်၊ ဒီလိုမှမသိရင် ရမ်းရှူ-မှန်းရှူ ဖြစ်လိမ့်မယ်။ ခန္ဓာကြီးဟာ ပဋိစ္စသမုပ္ပါဒ်လို့ မှတ်ပါ၊ ခန္ဓာကြီးဟာ ပဋိစ္စသမုပ္ပါဒ်အစဉ်အတိုင်း ဖြစ်နေတဲ့ ခန္ဓာလို့မှတ်ပါ။ ပဋိစ္စသမုပ္ပါဒ် ဆက်နေတာသည် ခန္ဓာကိုယ်ကြီး။ ပဋိစ္စသမုပ္ပါဒ် ပြတ်တာသည် နိဗ္ဗာန်ခေါ်တယ်။

http://www.dhammadownload.com



မိုးကုတ်ဝိပဿနာ မေ့ရိပ်သာမှာ ပဋိစ္စသမုပ္ပါဒ်ပြဘ်တဲ့ တရားခေတ္တချည့် နေ့စဉ်နှင့်အမျှ ကျေးဇူးတော်ရှင် ဆရာတော်ကြီး၏ အသံသွင်းတရားတွေ ဖွင့်လှစ်ဟောကြားနေတယ်။ ထို ပဋိစ္စသမုပ္ပါဒ် ပြုတ်လိုသူတိုင်း လာရောက်၍ နာကြားနိုင်ပါတယ်။

✲

## ပဏာမ အရသာ

### ခန္ဓာကပြောတာ အမှန်ယူပါ

အလုပ်တရားဆိုတာ ခန္ဓာကပြောတာ အမှန်ယူရမယ်။ အနိစ္စလက္ခဏာမြင်ရင် ပွားများနေတာပဲ၊ သားသမီးများကို မျက်ခြည်မပြတ် စောင့်ကြည့်သလို ခန္ဓာကဖောက်ပြန်ပျက်စီးနေတာကို စောင့်ပြီးကြည့်ရမှာ၊ ခန္ဓာနဲ့ဉာဏ် တည့်ဖို့အရေးဟာ အကြီးဆုံးအရေးပဲ။

ဝိပဿနာအလုပ် - လုပ်တယ်ဆိုတာ တမင်ရှာပြီးလုပ်နေရတာ မဟုတ်ပါဘူး၊ ကိုယ့်ခန္ဓာကိုယ်ကြည့်ရုံပါပဲ၊ ကြည့်တော့ ဖောက်ပြန်ပျက်စီးနေတာ အမျိုးမျိုး ခန္ဓာမှာ တွေ့ရမှာပဲ၊ ခန္ဓာအရှိကို ဉာဏ်အသိနဲ့ကိုက်ရင် ယထာဘူတဉာဏ်, ဟုတ်တိုင်း မှန်စွာသိတဲ့ဉာဏ်, နိဗ္ဗာန်ဆိပ်ဦးရောက်ပြီလို့ ဆိုနိုင်တယ်၊ တစ်အရှိနဲ့ နှစ်အသိနဲ့ကိုက်ရင် မဂ်ပဲ၊ အလုပ်စဉ်ကြည့်ချင်ရင် မှတ်တမ်းကြည့်၊ အလုပ်ကြည့်ချင်ရင် ခန္ဓာကိုကြည့်၊ တရားထိုင်ရတာ မကောင်းဘူးဆိုရင် ဖြစ်ပျက်နဲ့ မဂ်ကြားမှာ တစ်ပါး သောတရား ကြားခိုနေတယ်လို့မှတ်၊ ခန္ဓာဆိုတာ ဓမ္မပဲ ထို

http://www.dhammadownload.com



ခန္ဓာဓမ္မက ပြတာကို ကိုယ့်ဉာဏ်ကမြင်လို့၊ ခန္ဓာက အနိစ္စကို ပြလို့ အနိစ္စဉာဏ်၊ ဒုက္ခကိုပြလို့ ဒုက္ခဉာဏ်၊ အနတ္တကိုပြလို့ အနတ္တဉာဏ်ဖြစ်သွားတယ်၊ ဓမ္မနဲ့တည့်တဲ့ဉာဏ်သာလျှင် ပဋိစ္စသမုပ္ပါဒ် ပြတ်တဲ့ဉာဏ်၊ ကိုယ့်ဟာကိုယ်လုပ်ယူလို့ ရတဲ့ဉာဏ် မဟုတ်ဘူး၊ ကိုယ့်ဟာကိုယ် လုပ်ယူတဲ့ဉာဏ်ဆိုရင် ပဋိစ္စသမုပ္ပါဒ်က ပြတ်ကိုမပြတ်ဘူး။

အနိစ္စ,ဒုက္ခ,အနတ္တဆိုတာ (ဝါ) ဖြစ်ပျက်ဆိုတာ ကိုယ့်ပါးစပ်က ဖြစ်တာမဟုတ်၊ ဓမ္မက ပြတာ၊ ဓမ္မက ပြောတာ၊ ကိုယ်ကလုပ်ယူတဲ့ အနိစ္စမဟုတ်၊ ဖြစ်ပျက်မဟုတ်၊ ဓမ္မကပြတဲ့ အနိစ္စ(ဝါ) ဖြစ်ပျက်၊အဲဒါမှ ဖြစ်ပျက်ဉာဏ်။

အရေးကြီးတာက ခန္ဓာထဲဉာဏ်သွင်းဖို့ဆိုတာ မှတ်ကြစမ်းပါ၊ ခန္ဓာထဲဉာဏ်သွင်းတာ အလုပ်ခွင်ဝင်တာပဲ၊ ဉာဏ်သွင်းတယ်ဆိုတာ ကမ္ဘာကတဉာဏ်လောက် သွင်းလို့မရဘူး၊ ဒါလောက်နဲ့ဆိုရင် အရှိုးကြီးပွားရေးပဲ၊ ဘာဉာဏ်နဲ့သွင်းရမလဲ ဆိုရင် သစ္စာနုလောမိကဉာဏ် သွင်းရမယ်၊ သစ္စာနုလောမိက ဉာဏ်ဆိုတာ သစ္စာနဲ့လျော်တဲ့ဉာဏ်ပါပဲ၊ သစ္စာတခြား၊ အနိစ္စ တခြားလို့ မမှတ်ပါနှင့် (ဝါ)သစ္စာတခြား၊ ဖြစ်ပျက်တခြား မမှတ်ပါနှင့်၊ ဖြစ်ပြီး ဖောက်ပြန်ပျက်စီးနေတာသည် ဒုက္ခသစ္စာချည့်သာမှတ်ပါ၊ အချို့က ဒုက္ခသစ္စာသိမှ တရားအားထုတ်ရမယ်ဆိုတော့ ဒုက္ခသစ္စာဆိုတာ လွယ်လွယ်နှင့် ဘယ်သိနိုင်ပါ့မလဲဆိုပြီး ဆင်ခြေပေးနေကြသူတွေ များစွာရှိတယ်၊ သို့အတွက်.... ဖြစ်ပျက်ရှုနေတာသည် ဒုက္ခသစ္စာကို သိ-သိနေခြင်းဖြစ်သည်ဟုဆုံးဖြတ်ချက်ချနိုင်ပါတယ်၊ ဖြစ်ပြီး

http://www.dhammadownload.com



ပျက်နေတဲ့သဘောသည် ဖောက်ပြန်ပျက်စီးနေတဲ့ သဘောသည် သုခလား.... ဒုက္ခလားဟူ၍သာ မိမိကိုယ်ပိုင်ဉာဏ်နှင့် ချင့်ချိန်စဉ်းစား ဝေဖန်၍ကြည့်ပါ။

အချို့က ဒီမိုးကုတ်ရိပ်သာမှာလာပြီး တရားနာနေရတာ တစ်ခါလာလဲဖြစ်ပျက်၊ တစ်ခါလာလဲဖြစ်ပျက်ချည့် ဟောနေတာပဲဟု ပြောချင် ပြောကြပါလိမ့်မယ်၊ မိမိတို့သန္တာန်မှာ ဖြစ်ပြီးပျက်တဲ့ ဓမ္မကလွဲပြီး မဖြစ်မပျက်တဲ့ သဘောတရားများ ရှိပါရဲ့လားလို့ ဆင်ခြင်၍ ကြည့်ကြစေလိုပါတယ်၊ ဖြစ်ပျက် ရှိလျက် မမြင်ကြ၍ ဆရာတော်ကြီး ဤမျှ ဟောကြားတော် မူနေရပါတယ် ယောဂီအပေါင်းတို့....။

*

## ဗုဒ္ဓသာသနာတော်၌ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်သည် အရေးအကြီးဆုံးဖြစ်ကြောင်း

ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်သည် ဤဗုဒ္ဓရှင်တော်မြတ်ဘုရား၏ သာသနာ၌ အလွန်အရေးကြီးသောတရားတော် ဖြစ်သည်ကို မြတ်စွာဘုရားသခင်ကိုယ်တော်တိုင် ဖွင့်ဟ၍ ဥဒါန်းကျူးရင့်တော်မူကြောင်း သုတ်မဟာဝဂ္ဂပါဠိတော် ,မဟာနိဒါနသုတ်၌....

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။

http://www.dhammadownload.com



အထဿ ကခ်ါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတုဓမ္မံ။

အစချီသော ဂါထာတော် ၃-ပုဒ်ဖြင့် ပဋိစ္စသမုပ္ပါဒ်ဖြစ်ကြောင်း သိသဖြင့်လည်းကောင်း၊ ပဋိစ္စသမုပ္ပါဒ်ချုပ်ကြောင်း သိသဖြင့်လည်းကောင်း၊ ဘုရားဖြစ်တော်မူသည်ဟု ဗုဒ္ဓရှင်တော် မြတ်ဘုရား ကိုယ်တော်တိုင် ဝန်ခံတော်မူခြင်းနှင့် ၎င်းပြင် မူလ ပဏ္ဏာသ ပါဠိတော်မှာလည်း "ယော ပဋိစ္စသမုပ္ပါဒံ ပဿတိ၊ သော ဓမ္မံ ပဿတိ" ပဋိစ္စသမုပ္ပါဒ်ဒေသနာကို သိမြင်လျှင် တရားတော်ကို သိမြင်သည်ဟု ဟောတော်မူပါသည်။

ဘဝကူးသည်၊ ဘဝပြောင်းသည် စသဖြင့် သို့လော သို့လော တွေးတော ယုံမှားကြသည်မှာ တစ်ပြည်လုံး လိုလိုပင် ဖြစ်နေသည်ဆိုလျှင် မှားမည် မဟုတ်ပါ။ ထိုသို့ သို့လော- သို့လော- တွေးတော ယုံမှားမှုများမှာ ပဋိစ္စသမုပ္ပါဒ်တရားသဘောကို နားမလည်၍သာလျှင် ဖြစ်သည်ဟု ဆိုရပါမည်။

သမ္မောဟဝိနောဒနီ- အဋ္ဌကထာ ကျမ်း၌လည်း ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို သင်ကြားခြင်း၊ နာကြားခြင်း၊ ကြံစည်ခြင်း၊ ကျင့်ခြင်းမှလွဲ၍ တစ်ပါးသော အထူးသဖြင့် ပြုသင့်သော ကိစ္စသည် မရှိဟူ၍ ဖွင့်ပြတော်မူသည်။

တေသံ - ထိုပဋိစ္စသမုပ္ပါဒ်တရား၌၊ ပရိယတ္တိသဝန စိန္တန ပဋိပတ္တိက္ကမ ဝိဝဇ္ဇိတာနဥ္စ- သင်ကြားခြင်း, နာကြားခြင်း, ကြံခြင်း, ကျင့်ခြင်းအစဉ်မှ ကင်းကုန်သော ပုဂ္ဂိုလ်တို့အား၊ ဉာဏုပ္ပတ္တေဒါ- ဉာဏ်အထူးသည်၊ ကဒါစိ- တစ်ရံတစ်ဆစ် မျှလည်း၊ ယသ္မာ-အကြင့်ကြောင့်၊ နဟောတိ-မဖြစ်၊ တသ္မာ-

http://www.dhammadownload.com



ထို့ကြောင့်၊ မိရော- ပညာရှိသည်၊ တတ္ထ- ထိုပဋိစ္စသမုပ္ပါဒ်တရား၌၊ သဒါ- အခါခပ်သိမ်း၊ ပရိယတ္တိ သဝန စိန္တန ပဋိပတ္တိကမ္မတော- သင်ခြင်း, နာခြင်း, ကြံခြင်း, ကျင့်ခြင်း အစဉ်ဖြင့်၊ ကယိရာ- ပြုရာ၏၊ ဟိတဒေဝသတ္တိ- ထိုစကား မှန်၏၊ တတော- ထိုပဋိစ္စသမုပ္ပါဒ်၌ သင်ခြင်း,နာခြင်း,ကြံခြင်း, ကျင့်ခြင်းကိစ္စထက်၊ အညံ- တစ်ပါးသော၊ ကရဏီယတရံ- အထူးသဖြင့် ပြုသင့်သော ကိစ္စသည်၊ နအတ္ထိ- မရှိ။

ထို့ကြောင့်...ပညာဉာဏ် အသိတရား ရှေ့သွားပြု၍ ဗုဒ္ဓနွယ်ဝင် သူတော်စင်အပေါင်းတို့သည် ဤမျှ သာသနာတော်၌ အရေးပါလှသော တရားတော်ကို သင်ကြားခြင်း၊ နာယူခြင်း၊ လေ့လာခြင်း၊ ကြံစည်ခြင်း၊ ကျင့်ကြံခြင်း ၅သော အလုပ်များကို မိမိကိုယ်ကျိုးမျှ သက်သက်ဟူ၍ နှလုံးသွင်းပြီးလျှင် မနာယူ မသင်ကြားရသေးသော ပုဂ္ဂိုလ်များ နာယူ သင်ကြား လေ့လာတော်မူကြပါကုန် ဟူ၍ သူတော်စင် အပေါင်းတို့အား နှိုးဆော်တိုက်တွန်းအပ်ပါသတည်း။

## မိုးကုတ်ဆရာတော်ဘုရားကြီး၏ အရိယာမြင်-သစ္စာတရားများ ပဏ္ဍာမ အရသာ

**ကုသိုလ်စစ်ကို ရအောင်ရှာပါ....**

တရားနာတယ်ဆိုတာ မတရားလုပ်တာ ကာကွယ်တာပဲလို့ မှတ်ကြပါ၊ မတရားတွေ ကာကွယ်တယ်ဆိုတာ တခြားမဟုတ်

http://www.dhammadownload.com



ပါဘူး၊ တစ်နေ့လုံးမှာ လူတွေဟာ လောဘတွေ၊ဒေါသတွေ၊ မောဟတွေ၊ ဣဿာတွေ၊ မစ္ဆရိယတွေ၊ မာနတွေ ဒါတွေက များပြီးနေလို့ တရားဟူသော "မဂ္ဂင်"ရေနဲ့ဆေးမှ စင်ကြယ်မှာမို့ မဂ္ဂင်ရေနဲ့ ဆေးကြောတဲ့အလုပ်ကို လုပ်ရမယ်လို့ မှတ်ထားပါ။

ဘာကြောင့်လဲဆိုတော့ ကုသိုလ်လုပ်တယ်၊ လှူတယ်, တန်းတယ်၊ ပေးတယ်,ကမ်းတယ်၊ သူက ကုသိုလ်၊ကုသိုလ်တခြားပဲ။

အကုသိုလ်လုပ်တော့ အကုသိုလ်တခြားပဲ၊ တစ်ခုနဲ့ တစ်ခု ဖြတ်နိုင်တဲ့ စွမ်းရည်သတ္တိမရှိဘူး၊ "မဂ်"ကတော့ဖြင့် အတိတ်က ပါလာတာဖြစ်စေ၊ ပစ္စုပ္ပန် ဒီဘဝ မိုက်မဲတာတွေ၊အပါယ်လေးပါးခန္ဓာနဲ့ ကြွေးမဆပ်ရသေးတာတွေ ဟူသ၍ "မဂ်" တစ်ခုက အနိုင်ဆုံးပဲ။

ဒါကြောင့်....ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောတာ ကြည့်ပါ၊ (ကုသလံ ကုသလံ ဇဟံ) ကုသိုလ်, အကုသိုလ်တွေ စွန့်လိုက်ပြီ၊ ဘာ့ကြောင့်....ဒီအသံ ထွက်လာပါလိမ့် – မေးရင် အို....ကုသိုလ်ပေမယ့် ဘုံဘဝ အကျိုးပေးမယ့် ကုသိုလ်တွေ ဆိုတော့ ဇာတိ,ဇရာ,မရဏတွေလာအုံးမှာပေါ့၊ သုဂတိ, ဇာတိ, ဇရာ,မရဏ လာအုံးမှာ၊ ဒါတွေမစွန့်ရင် ဒုက္ခသစ္စာအဆက် ပြတ်ပါ့မလား။

## ဩော်....ကုသိုလ်ဆိုပေမယ့် ကြောက်စရာကုသိုလ်တွေ ရှိသေးသကိုး

ကုသိုလ်ဆို အကောင်းချည်းပဲဆိုရင်"မဂ်"ဟာ ဟောစရာ မလိုတော့ဘူး၊ ကုသိုလ်ဆိုပေမယ့် ဇာတိ,ဇရာ,မရဏ ကျေးဇူး

http://www.dhammadownload.com



ပြုတဲ့ ကုသိုလ်ကျတော့ ဒါ-ကုသိုလ်ကောင်း ကုသိုလ်စစ်လို့ မဆိုနဲ့၊ ဇာတိ, ဇရာ, မရဏကို ဒုက္ခသစ္စာလို့ ပဋိစ္စသမုပ္ပါဒ်နဲ့ ဓမ္မစကြာမှာ ပါနေတယ်၊ သစ္စာသိတဲ့ ပုဂ္ဂိုလ်က ဘယ်နည်းနဲ့မှ မကြိုက်ဘူး၊ သစ္စာမသိသေးတဲ့ ပုဂ္ဂိုလ်ကတော့ ကုသိုလ်ဆို အကုန်ကြိုက် ဖြစ်နေတယ်၊ ဒါ-ကုသိုလ်ပယ်တာလားဆိုတော့ ပယ်တာ မဟုတ်ပါဘူး၊ အကောင်း-အဆိုး ရွေးတာ။

ကုသိုလ်တိုင်း ကောင်းတယ်လို့ အကုန်ယူလို့မရဘူး၊ ဘုရားကြိုက် ကုသိုလ်က (**အကဏှ သုက္က**)) ဖြစ်တဲ့ ကုသိုလ်သာ ကြိုက်တယ်၊ ဖြူစင်တဲ့ ကုသိုလ်ဆိုငြားသော်လဲ ကာမာဝစရကုသိုလ်တွေ ဖြစ်နေတော့ ကာမဘုံတွေ ရှောက်အကျိုးပေးနေတော့ ကြိုက်ပါ့မလား၊ လူ့ပြည် နတ်ပြည်၊ ဗြဟ္မာ့ပြည် အကျိုးပေးနေပြန်တော့ ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ လွတ်ပါ့မလား၊ နတ်ဘဝ, ဗြဟ္မာ့ဘဝ ဆိုငြားသော်လဲ ပြောသံကြားကောင်းနဲ့ ကြိုက်နေကြတာပါ၊ သူ့အထဲမှာ အတွင်းသား ခွာလိုက်တော့ ဇာတိ, ဇရာ, ဗျာဓိ, မရဏ, ဒုက္ခသစ္စာတွေ ပါနေတယ်။

**လိုချင်တာကချမ်းသာ၊ ရတာက ဆင်းရဲဆယ့်တစ်ပါး....၊ ဘာ့ကြောင့်....** ဒီဆင်းရဲတွေရဖို့ ဒီကုသိုလ်တွေ လုပ်ဖြစ်ပါလိမ့်မတုံးမေးရင် သစ္စာမသိလို့လုပ်တာ၊ သစ္စာမသိလို့ မှားလိုက်တာ၊ သစ္စာသိတဲ့ပုဂ္ဂိုလ်ကျတော့ ဒီဒုက္ခဝဋ်မှ ကျွတ်ရပါလို၏။ လာလတ္တံ့သော ဒုက္ခဝဋ်ကြီးကို ကြောက်လွန်းလို့၊ ရွံလို့၊ မုန်းလို့ ဆိုပြီး သစ္စာဉာဏ်နဲ့လုပ်တဲ့အခါကျတော့ ဝိဝဋ္ဋ ဝဋ်မှ ကျွတ်တဲ့ ကုသိုလ်ဖြစ်သွားတယ် (**နိဗ္ဗာနဿ ပစ္စယော ဟော**

http://www.dhammadownload.com



တု) ဆိုပြီး လုပ်ကောင်းတာပါပဲ ဆိုကြွားသော်ပဲ ပြောသံကြားတာ ကောင်းတာ၊ ကိုယ့်အမြင်က နောက်ခန္ဓာ ကြိုက်နေလို့ရှိရင် လွဲတာပဲ၊ ကိုယ့်အမြင်က နောက်ခန္ဓာ မကြိုက်ပါမှ တရားမှန်-တရားစစ်၊ ကုသိုလ်စစ်၊ ကုသိုလ်မှန် မှတ်ပါ၊ ကိုယ့်ခန္ဓာ ဒုက္ခသစ္စာကို ကိုယ်တိုင်သိပြီးလုပ်ပါ။

"ဗုဒ္ဓဘာသာဆိုပြီး သစ္စာမသိတာ အနာဆုံးပါပဲ"

*

## ပဏ္ဍာမ အရသာများ

### ဗုဒ္ဓသာသနာ၏ အနှစ်ရှာရန် နှင့် ဒိဋ္ဌိပြုတ်ရေး

ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးသည် ဒါနသီလ အစရှိသော ကုသိုလ်ကောင်းမှုပြုလုပ်ရာတွင် (ယခုဘဝကောင်းစားရေးနှင့် နောင်ဘဝ ကောင်းစားရေး) သာ ရည်ရွယ်ပြီး ပြုလုပ်ကြခြင်းကို အထူးသတိပေးတော်မူသည်။

ဤဘဝမှ ဘဝတစ်ပါးသို့ ကူးသွားသည်ဟု အယူရှိလျှင် သဿတဒိဋ္ဌိဖြစ်၍ ကောင်းသည်ဟုယူလျှင် သစ္စာမသိသော အယူသာ ဖြစ်ပါသည်။ ဤအယူမစွန့်နိုင်သမျှ မဂ်ဖိုလ် နိဗ္ဗာန် မရနိုင်ပါ။ –

အမှန်အားဖြင့် တစ်ဘဝမှ တစ်ဘဝသို့ ကူးသည်ဆိုသည်မှာ...စုတိဒုက္ခမှ ဇာတိဒုက္ခ ရခြင်းဖြစ်၍ အသေဒုက္ခမှ အနေ

http://www.dhammadownload.com



ဒုက္ခ ရခြင်းသာဖြစ်ပါသည်။ သို့အတွက်.... ဒါန-သီလ-အစရှိသော ကုသိုလ်ကောင်းမှု ပြုလုပ်ရာတွင် ဤခန္ဓာဝန် ဒုက္ခသစ္စာကြီးမှ ကျွတ်လို့လွတ်လို၍ လှူဒါန်းပေးကမ်းပါ၏။ (ဝါ)ဘဝချုပ်ငြိမ်းသော နိဗ္ဗာန်တည်းဟူသော သာသနာ၏ (အနှစ်) ရနိုင်ရန် ကြိုးစားကြပါဟု တိုက်တွန်းတော်မူခြင်း ဖြစ်ပါသည်။

မျှားသောအားဖြင့် မြန်မာပြည်တွင် ဗုဒ္ဓဘာသာ ဆိုင်းဘုတ်သာရှိ၍ အတွင်းသားမှာ သဿတဒိဋ္ဌိအယူမျှားပါသည်။ ဒါနပြုရာတွင် လည်းကောင်း၊ သီလ ဆောက်တည်ရာတွင်လည်းကောင်း၊ သမထ ဝိပဿနာအလုပ် လုပ်ရာတွင်လည်းကောင်း၊ ကိုယ့်အတွက် အထုပ်ပါမှ (ရေပူးနှင့် ဖိနပ်မပါ-နွေအခါမှ သိလိမ့်၊ ဒါနနှင့် သီလမပါ သေကာမှ သိလိမ့်) ဆိုသော (သက်ကြီးစကား သက်ငယ်မှား) ပြောဆိုလေ့ရှိကြပြီး ဘဝကူးသည်ဟု အမှန်ယုံကြည်၍သာ ပြောဆိုကြခြင်းဖြစ်ရာ (ဘဝကူးသည်) ဆိုကတည်းက ဤဘဝခန္ဓာကိုစွန့်၍ ဝိညာဉ်က နောက်ဘဝ ကူးသွားသည်ဟူ၍ အယူရှိကြသည်။ မြန်မာလူမျိုးတိုင်းလိုလိုပင် ယုံကြည်အစွဲမျှားကြသည့် ဤအယူသည် သဿတဒိဋ္ဌိအယူဖြစ်၍ နတ်ရွာသုဂတိ ရောက်ကြောင်းကို မပိတ်ပင်သော်လည်း မဂ်ဖိုလ်ကို တားမြစ်သည်ဟု မြတ်စွာဘုရားသခင် ဟောတော်မူသည်။

(မဇ္ဈိမနိကာယ် တဏှာသင်္ခယသုတ်)

ထို့ပြင် (ဒါမှကိုယ့်အတွက်ပါမှာ)ဟု တစ်ဖန် ပြောဆိုကြပြန်သေးသည်။ ဤသို့ ပြောဆိုကြခြင်းမှာလည်း မိမိဘဝ ကူး

http://www.dhammadownload.com



သည့်နောက် ပါသွားမည်၊ ယခုဘဝ လှူဒါန်းပေးကမ်းမှု သည် နောက်ဘဝ၌ ထိုအထုပ်ကိုဖြေ၍ စားနိုင်အောင်ဆိုသည့် သဘော သက်ဝင်သည်။ ဤသည်မှာလည်း သဿတဒိဋ္ဌိ အစစ် ပင် ဖြစ်သည်။ ပြုသူ မိမိ၊ နောက်ဘဝခံစားသူ မိမိပဲဖြစ်သည်။

ဒီဘဝလည်း မိမိ၊ နောက်ဘဝလည်း မိမိ-ဟူ၍ စွဲယူသဖြင့် ပြုလုပ်သူလည်း မိမိ ခံစားသူလည်း မိမိ ဟူ၍ ယုံကြည်ကြသည်။

ပရမတ္ထသစ္စာအနေအားဖြင့် မိမိဆိုတာလဲ မရှိ၊ ခန္ဓာငါး ပါးမျှသာ ရှိသည်။ ပြုလုပ်သူလည်းမရှိ၊ ခံစားသူလည်းမရှိ၊ ယခုဘဝ ခန္ဓာငါးပါးသည်လည်း နောင်ဘဝသို့ တစ်စွန်း တစ်စ လိုက်နိုင်သည်မည်သည် မရှိ။

(နိဒါနဝဂ္ဂသံယုတ်-အစေလကဝတ္ထု)

ဘဝကူး ကောင်းအောင် ဆိုသည်မှာ ဤဘဝ-ဟိုဘဝ ကူးနေသည်ဟု ယုံကြည်မှုဖြစ်သည်။ ၎င်းယုံကြည်မှုသည် ဒိဋ္ဌိ (မှားသောယုံကြည်မှု)ဟု ခေါ်ပါသည်။ ဒိဋ္ဌိ (၆၂) ပါးတွင် တစ်ပါးဖြစ်သည်။ ဤဒိဋ္ဌိအပင်း ခံနေခဲ့ပါလျှင် ဝိပဿနာ တရား အားထုတ်ပစေ အားထုတ်ငြားသော်လည်း မဂ်ဖိုလ် လမ်းကြောင်း၌ သူကခံနေပါသည်။

(မဂ်ဖိုလ်မရနိုင်ဟု ဆိုလိုပါသည်။)
(သံယုတ်ပါဠိတော် ဆန္နဝတ္ထု)

၎င်းအယူ ကင်းစင်နိုင်ရန်မှာ ပဋိစ္စသမုပ္ပါဒ် တရားကို ကောင်းစွာ နားလည်ရန် လိုအပ်ပါသည်။ ဤအကြောင်း

http://www.dhammadownload.com



တရားကြောင့် ဤအကျိုးတရား ဖြစ်သည်ဟု မိမိတို့ စိတ်သန္တာန်မှာ ရှင်းလင်း ပြတ်သားနေရန် လိုအပ်ပါသည်။ အကြောင်းအကျိုးဆက်မှု နားလည်ရန်မှာ သုတ္တန်နည်းအားဖြင့် ဟောကြားထားသော ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်သာလျှင် (မိမိတို့ မိရိုးဖလာအစွဲ အားကြီးနေခဲ့ကြသော)ဘဝကူးသည်ဆိုသည့် ယုံကြည်မှု ကင်းလွတ်စင်ကြယ်စေနိုင်ပါသည်။

အဘယ့်ကြောင့်ဆိုသော် ဤ အကြောင်းတရားကြောင့် ဤ အကျိုးတရား ဖြစ်ပေါ်သည်ဟု အမြင်ဉာဏ် မရှင်းလင်း၍ ခန္ဓာဉာဏ် မရောက်ခဲ့သော် ယုံမှားခြင်း ဝိစိကိစ္ဆာ လာပေမည်။ ဒိဋ္ဌိစွဲလာမည်မှာ သေချာလှသည်။ ပညာအရာတွင် မြတ်စွာဘုရားအောက် တစ်ပါးမျှသာရှိသော "ရှင်သာရိပုတ္တရာ" ကိုယ်တော်မြတ်ကြီး သည်ပင်လျှင် "ယေဓမ္မာ ဟေတုပ္ပဘဝါ" စသော တရားကို တစ်ဆင့်ကြား၍ နာရမှပင် သောတာပန် ဖြစ်တော်မူပါသည်။

နိုင်ငံခြား-အခြားဘာသာဝင် ဖြစ်ကြသော ဥရောပတိုက်သားများ ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူပြောင်းလဲလာကြခြင်းများသည် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို ပထမအဆင့်အနေဖြင့် နားလည်ပြီးနောက် သစ္စာလေးပါး တရားတော်ကို သဘောပေါက် နားလည်ကြခြင်းကြောင့် ဖြစ်ပါသည်။

သို့အတွက် သာသနာ၏အနှစ်ကို ရှာလိုသူ ဗုဒ္ဓဘာသာဝင်တိုင်း ပဋိစ္စသမုပ္ပါဒ်ဒေသနာ အကြောင်းအကျိုး ဆက်သွယ်သောတရားကို နားမလည်မှုခြင်း, ခန္ဓာဉာဏ်ရောက်အောင် သင်ကြားလေ့လာပြီး အားထုတ်သင့်ကြကြောင်း စေတနာ မေတ္တာရှေ့ထား၍ တိုက်တွန်းအပ်ပါသတည်း။

http://www.dhammadownload.com



## ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်

**ပဋိစ္စသမုပ္ပါဒ်နားလည်ပြီးမှ မိမိတို့အသိမှာ ဒိဋ္ဌိ ဝိစိကိစ္ဆာ ကွာမယ်၊ ကွာပြီးမှ အနိစ္စ၊ ဒုက္ခ, အနတ္တ, ဖြစ်ပျက်အားထုတ်၊ ပဋိစ္စသမုပ္ပါဒ်သိမှု အရင်ကြိုးစား၊ ဒီဟာစင်ကြယ်မှ အားထုတ်ကြပေ့၊ အနိစ္စ, ဒုက္ခ, အနတ္တမှတစ်ပါး နိဗ္ဗာန်ရောက်တရား မရှိဘူး၊ ပြောတဲ့ပုဂ္ဂိုလ်က ပြောပြောသော်လဲ သုတ်သင်ရှင်းလင်းထိုက်တဲ့ ရှေ့အဖို့တို့ကို နားမလည်ရင် ပင်ပန်းရုံပဲ။**

**ပဋိစ္စသမုပ္ပါဒ် ဒေသနာဆိုသည်မှာ....**

၁။ သံသရာ၏ အစကိုလည်းကောင်း၊ သမုတိသစ္စာ အလိုအားဖြင့် 'လူ' ဟူ၍လည်းကောင်း ပုဂ္ဂိုလ်သတ္တဝါ ဟူ၍လည်းကောင်း၊ သမုတ်ကြသူတို့၏ ဖြစ်ရာ အစသည် (အဝိဇ္ဇာနှင့်တဏှာ) ဟူ၍လည်းကောင်း ပြသခြင်း ဖြစ်သည်၊ပေါ်လွင်တင်ရှားစေခြင်း ဖြစ်သည်။

၂။ ထို''လူ''ဟူ၍လည်းကောင်း၊ ပုဂ္ဂိုလ်သတ္တဝါဟူ၍လည်းကောင်း၊ သမုတ်ကြသောသူတို့၏ ခန္ဓာဖြစ်စဉ်ကို ပြသခြင်း ဖြစ်သည်။

၃။ ပရမတ္ထသစ္စာ အလိုအားဖြင့် ပုဂ္ဂိုလ်-သတ္တဝါ-ယောကျ်ား, မိန်းမ မရှိ၊ ဤအကြောင်းတရား ဖြစ်ပေါ်ခြင်းကြောင့် ဤအကျိုးတရား ဖြစ်ပေါ်ခြင်းစသည်ကို ပြသသော တရား ဖြစ်သည်။

http://www.dhammadownload.com



၄။ သင်္ခါရနှင့် ဝိညာဏ်အစပ်၊ ဝေဒနာနှင့် တဏှာအစပ်၊ ကမ္မဘဝနှင့် ဇာတိအစပ်ကို အလျှင်မပြတ် ဒလစပ် ဆက်စပ်နေခြင်းကို ပြသည်။

၅။ (ဇာတိ)ဟုဆိုအပ်သော ပဋိသန္ဓေနေလိုက်၊ အိုလိုက်၊ နာလိုက်၊ သေလိုက်၊ တစ်ဖန်-ပဋိသန္ဓေနေလိုက်၊ အို လိုက်၊ သေလိုက်၊ မီးခိုးမဆုံး, မိုးမဆုံး လည့်လည် ဖြစ်ပွားနေခြင်းကို ပြသခြင်းဖြစ်သည်။

၆။ ဒုက္ခအစုတွေ တစ်ခုပြီးတစ်ခု အစဉ်တန်းနေခြင်း သာ ဖြစ်ပေသည်။

၇။ လောင်စာနှင့် မီးသာ ထပ်ခါတလဲလဲ လည့်နေခြင်း၊ လောင်စာထည့်ပေးရင်း မီးအသစ်ပွားခြင်းဟူ၍သာ ဆက်ခါ ဆက်ခါ ဖြစ်ပွားနေခြင်းကို ပြသသည်။

၈။ သမုဒယနှင့် ဒုက္ခသစ္စာသာ လည့်နေခြင်းကို ထင်ရှား ပေါ်လွင်စေသည်။

၉။ ကိလေသဝဋ္ဋ်, ကမ္မဝဋ္ဋ်, ဝိပါကဝဋ္ဋ်ဟု ဆိုအပ်သော ဝဋ္ဋ်(၃)ပါးသာ မရပ်မနား ရဟတ်ချားပမာ လည့် နေခြင်းကို ပြသည်။

၁၀။ လွန်လေပြီးသော အတိတ်ဘဝ၊ ယခု ပစ္စုပ္ပန်ဘဝ၊ နောင်လာလတ္တံ့သော အနာဂတ်ဘဝ၊ ထိုဘဝ သုံး ပါးသာလည့်လည်နေခြင်းကိုပြသထင်ရှားပေါ်လွင် စေသည်။ဤသည်တို့ကားဒေသနာအစဉ်အတိုင်း ဓမ္မ နိယာမအစဉ်ဖြစ်၏။ဗုဒ္ဓဘာသာဝင်တိုင်း ဤအခြေခံ သဘောကို နားလည်မှသာ ပုဂ္ဂိုလ်သတ္တဝါ မရှိ၊ ဓမ္မ

http://www.dhammadownload.com



အစဉ်တွေ့သာ တစ်ခုပြီး တစ်ခု တန်းနေခြင်း ဖြစ်၍ (ဒိဋ္ဌိ)ကွာသောတရား သုညတဆိုက်သောတရားဖြစ်စေသောကြောင့် ခန္ဓာဉာဏ်ရောက်မှုရှိရန် ကြိုးစားသင့်သော အချက်ကြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ ပဋ္ဌိစ္စသမုပ္ပါဒ် စက်ဝိုင်း ဒေသနာကို ကြည့်ရှုလေ့လာ၍ ခန္ဓာဉာဏ်ရောက် ဝိပဿနာအလုပ်ကို ကြိုးစားအားထုတ်ကြပါရန်လေးစားစွာတိုက်တွန်းအပ်ပါသည်။

သူတပါ-ပညာနှင့် ကြွားဖူးတာ ဖြစ်ပါစေ၊ အရိယသာဝကော-အရိယာတို့၏ ကျင့်စဉ်အတိုင်း မှတ်သားပြီး ကျင့်နိုင်တဲ့ပုဂ္ဂိုလ် ဖြစ်ပါစေ။

## ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မဟာထေရ် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ခန္ဓာဉာဏ်ရောက် တရားဟောစဉ်များမှ ကောက်နုတ်ချက် တရားအရသာများ

၁။ မိမိရဲ့ ရခဲတဲ့ လူ့ဘဝကို အလွဲသုံးစား အချိန်တွေနဲ့ မဖြုန်းလိုက်ပါနှင့်။

၂။ ခန္ဓာကိုယ်ဟာ မွေးကတည်းက အသေဘက်သို့ ပြေးနေတယ်။

http://www.dhammadownload.com



၃။ ဘယ်ပေဒင်မှ မယုံကြနဲ့၊ ခန္ဓာက သူ့လမ်းသူ ပြေးနေတော့ မနေ့ကထက် ယနေ့ သေဖို့ တစ်ရက်နီးသွားပြီ ဆိုတာသာ ယုံလိုက်ပါ။

၄။ ခန္ဓာ၏ဝတ္တရားက အသေရှာတာ၊ ဉာဏ်၏ဝတ္တရားက အသေရှောင်တာ။

၅။ ခန္ဓာက အပြေးသွားနေတော့ အသေကဦး၍ ဉာဏ်က နောက်ကျသွားလိမ့်မယ်။

၆။ အပြေးမရပ်တဲ့ခန္ဓာကိုယ်၊ သူသာန်မရောက်ခင် မဂ္ဂင်အလုပ် မြန်မြန်လုပ်ပါ။

၇။ အသက်တမ်း ခပ်တိုတိုလေးမှာ ခပ်ခိုခိုလုပ်နေမယ်ဆိုရင်၊ အသေစောသွားရင် ကိုယ်ကျိုးနည်းလိမ့်မယ်။

၈။ သာသနာနဲ့ကြုံမှ သစ္စာလေးပါး ထွက်မြောက်ရေး တရားပေါ်တယ်။

၉။ ယခုအချိန်ဟာ အားလုံး အဖက်ဖက်မှကြုံပြီး ကျွတ်တမ်းဝင်ရမယ့် ဘဝပဲလို့ ဆုံးဖြတ်ချက်ချပြီး အလုပ်သာ လုပ်ပါ။

၁၀။ ယခု အဖက်ဖက်က ကြုံဆုံတဲ့ ကာလကလေးသည် အိုဘေး, နာဘေး, သေဘေးတွေကို တားနိုင်တဲ့ကာလ၊ အပါယ်ဘေးကို တားနိုင်တဲ့ကာလ၊ ဧ အဖိုးတန်လှတဲ့ ကာလကလေးကို သွားရေး၊ သမီးရေး၊ စီးပွားရေးတွေနဲ့ချည်း အချိန်မကုန်လွန်ပါစေနှင့်။

၁၁။ ကိစ္စဟူသမျှ မဂ်ဘား, ဖိုလ်တားလို့မှတ်ပါ။

၁၂။ တကာတကာမတွေဟာ တဏှာ (လောဘ) ခိုင်းရာကို ကျွန်သဘောက်ပီပီ လုပ်နေကြတာပဲ။

http://www.dhammadownload.com



၁၃။ တဏှာ (လောဘ) ခိုင်းတိုင်းလုပ်တာသည် အရှက်မရှိလို့။
၁၄။ တဏှာ(လောဘ) ခိုင်းတိုင်းလုပ်လို့သေလျှင် အပါယ်လေးပါး ရောက်မယ်ဆိုတာလဲ မကြောက်။
၁၅။ အဝိဇ္ဇာ တဏှာ ကိန်းလာရင် ဟိရိဩတ္တပ္ပ (အရှက်အကြောက်) မရှိတော့ဘူး။
၁၆။ တဏှာကို အဖော်မလုပ်နဲ့၊ ဉာဏ်ကို အဖော်လုပ်ပါ။
၁၇။ အလကားနေသရွေ့၊ အအားနေသရွေ့၊ အမှားနေခြင်းလို့သာ မှတ်ပါ။
၁၈။ ရက်ရာဇာ၊ ပြဿဒါး ရွေးမနေနဲ့၊ သူတော်ကောင်းအလုပ် လုပ်တဲ့အချိန်ဟာ မင်္ဂလာပဲဆိုတာမှတ်ပါ။
၁၉။ ယခု သားနဲ့၊သမီးနဲ့၊ ဆွေနဲ့၊မျိုးနဲ့၊ ပစ္စည်းဥစ္စာတွေနဲ့။ မသိပြုံး ပြုံးနေသလောက်၊ မသိပျော် - ပျော်နေသလောက်၊ နောင်-သေခါနီး အိပ်ရာညောင်စောင်းမှာ မျက်ရည်ကျရပါလိမ့်မယ်။
၂၀။ ကိုယ့်ကိုယ်ကိုသနားရင် ဝိပဿနာလုပ်ကြ၊ကိုယ့်ကိုယ်ကို မသနားရင် သားရေး၊သမီးရေး၊စီးပွားရေး လုပ်ကြ။
၂၁။ သားရေး၊ သမီးရေး၊ စီးပွားရေးအတွက်ကိုသာ ဂရုစိုက်လုပ်နေရင် အချိန်အလွဲသုံးစား လုပ်တာပဲ၊ လူမိုက် အချိန်ပဲဆိုတာ မှတ်လိုက်။
၂၂။ သစ္စာတရားကိုနာပါ၊ နာမှ သိမယ်၊ သိမှ ကျင့်မယ်။
၂၃။ နားက တရားကိုနာ၊ ဉာဏ်က ခန္ဓာကိုလှည့်၊ ပစ္စုပ္ပန်ခန္ဓာနောက်က ဝိပဿနာဉာဏ်မလိုက်လျှင် ဒုက္ခသစ္စာလိုက်မှာပဲ။

http://www.dhammadownload.com



၂၄။ အသက်ကြီးလေလေ၊ ကံမဲ့ဉာဏ်မဲ့လေလေမှတ်၊ ကံမဲ့တာ အရေးမကြီး၊ ဉာဏ်မဲ့ရင် နိဗ္ဗာန်မရောက်။

၂၅။ ကံကို ဉာဏ်ကဖြတ်မှ နိဗ္ဗာန်ရမှာ၊ ဉာဏ်မပါရင် ကံက ခြယ်လှယ်သွားလိမ့်မယ်။

၂၆။ နိဗ္ဗာန်သည် ကံ၏ အကျိုးမဟုတ်၊ ဉာဏ်၏ အကျိုးဖြစ်တယ်။

၂၇။ တရားနာရုံနှင့်မပြီး၊ ခန္ဓာဉာဏ်စိုက်ပြီးကြည့်မှပြီးမယ်။

၂၈။ လူပြော သူပြောတွေကို မယုံနဲ့၊ မိမိခန္ဓာက ပြောတာကိုသာ အယုံကြီးယုံလိုက်ပါ။

၂၉။ ခန္ဓာကြီးရဲ့စွမ်းရည်သတ္တိ ပင်ကိုယ်သဘောက ဖြစ်မှုပျက်မှုပဲရှိတယ်။

၃၀။ ဝိပဿနာဆိုတာ ခန္ဓာမလိုချင်အောင်ရှုတာ။

၃၁။ ခန္ဓာကလောင်စာ(ထင်း)၊ဇရာမရဏက(မီး) သံသရာ တစ်လျှောက်လုံးမှာ (လူနတ်-ဗြဟ္မာ) ဘယ်ခန္ဓာရရ၊ လောင်စာ(ထင်း)နှင့် (မီး) တွဲနေတာပဲ ရှိတယ်။

၃၂။ လောင်စာသိမ်းပြီး မီးငြိမ်းတာသည် နိဗ္ဗာန်။

၃၃။ လောင်စာသိမ်းပြီး မီးငြိမ်းတဲ့ အလုပ်သည် မဂ္ဂင်အလုပ်ပဲ။

၃၄။ ဒုက္ခသစ္စာကို ပိုင်းခြားသိတာလဲ မဂ်ပဲ၊ သမုဒယသစ္စာ သတ်တာလဲ မဂ်ပဲ၊ နိရောဓရောက်အောင်လဲ မဂ်ပဲ၊ ဒါကြောင့် မဂ်သည် သုံးကိစ္စရွက်ဆောင်တယ်။

၃၅။ အရှုဏ်တက်တာသည် နေထွက်ဖို့ ရှေ့ပြေး၊ ဝိပဿနာ မဂ်သည် လောကုတ္တရာမဂ်၏ ရှေ့ပြေး။

http://www.dhammadownload.com



၃၆။ ဒါန-သီလသည် ကိလေသာရောဂါ သက်သာရုံရမယ်၊ ဝိပဿနာအလုပ်ပါ လုပ်မှသာ ရောဂါပျောက်မယ်။

၃၇။ ဒါနက သံသရာမလည်၊ အသိမလိုက်လို့ သံသရာ လည်တာ မှတ်ပါ၊ သစ္စာသိပြီး လှူရင် ခန္ဓာကိုယ် ရှောင်းလှူပါ။

၃၈။ အလုပ်စဉ်ကြည့်ရင် ပိဋကတ် မှတ်တမ်းမှာ ကြည့်၊ အလုပ်ကြည့်ရင် ခန္ဓာမှာကြည့်။

၃၉။ အလုပ်တရားဆိုတာ ခန္ဓာအရှုံနဲ့ ဉာဏ်အသိ ကိုက်အောင် လုပ်တာ။

၄၀။ အရှိက ဖြစ်-ပျက်-ခမ္မ၊ အသိကတော့ မဂ္ဂ။

၄၁။ ပဋိစ္စသမုပ္ပါဒ်ဆိုတာ ခန္ဓာထဲရှိတဲ့တရား။

၄၂။ ခန္ဓာနဲ့ ငါနဲ့ မရောပါစေနဲ့။

၄၃။ တရားနာတယ်ဆိုတာ ဒီအချိန်မှာ မတရား အလုပ် မလုပ်တဲ့အချိန်ပဲ။

၄၄။ ကြားတဲ့တရားနဲ့ သိတဲ့တရား နှစ်ခုထပ်ရင် သောတာပန် တည်နိုင်တယ်။

၄၅။ ဘဝကူးကောင်းဖို့ အလိုမရှိပါနဲ့၊ ဘဝချုပ်ငြိမ်း ရုပ်သိမ်းခြင်းကိုသာ အလိုရှိပါ။

၄၆။ ဖြစ်ပြီး ပျက်တာက အနိစ္စ (ဒုက္ခသစ္စာ)၊ ပျက်မှန်း သိတာက မဂ္ဂ၊ သေတာက သမုဒယ၊နောင် ဒုက္ခမလာ တာက နိရောဓ။

၄၇။ ဖြစ်ပျက်သမျှ-သခ်ါရ-ဒုက္ခသစ္စာမှတ်။ သခ်ါရတွင်-ငါကောင်ထင်- ခင်မင်သမုဒယမှတ်။ ရုပ်နာမ်အား

http://www.dhammadownload.com



လုံး-ဖြစ်ပျက်သုဉ်း-ချုပ်ဆုံး နိဗ္ဗာန်မှတ်။ ချုပ်ဆုံးမှု
တွင်-ဉာဏ်သက်ဝင်-သိမြင်မဂ်ဟုမှတ်။

၄၈။ သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လွန်စွာအားထုတ်၊ နာမ်နှင့်ရုပ်ကို၊ ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင်၊ မှန်ပင်မဂ်ရကြောင်း။

**ကျေးဇူးတော်ရှင်-မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ**
**မိုးကုတ်ဆရာတော်ဘုရားကြီး၏**
**ခန္ဓာဉာဏ်ရောက် တရားတော် အမှတ်စဉ် (၁၃)မှ**
**ကောက်နုတ်ချက်များ**

## ပဏ္ဍာမအရသာ

၁။ မိမိတို့ လူ့ဘဝကလေးဟာ အင်မတန် ရခဲပါတယ် ဆိုတဲ့ ဒုလ္လဘတရားထဲမှာလဲ အပါအဝင်ဖြစ်ပြီး ရ,ထားတာ ကလေးကိုလဲ အလွဲသုံးစားနဲ့ သုံးပြီးသကာလ မဖြုန်းလိုက် ဘဲနဲ့ အဖိုးတန်တဲ့ အလုပ်နဲ့ သုံးပြီးသကာလ အချိန်ကုန်စေ ချင်တယ် ဆိုတာကိုလဲ တကာတကာမတွေကို တိုက်တွန်းပါ တယ် (မှန်ပါ့ဘုရား)။

၂။ ရခဲတဲ့ဘဝထဲမှာ တကာ တကာမတွေက ဘဝတကျာ ခိုင်းတာနဲ့ပဲ အချိန်တွေ အလကား ဖြုန်းပြီးသကာလ အိုခြင်း ဆိုး တိုးနေတဲ့ဥစ္စာ ဩော်...တို့သည်ကားလို့ ဆိုရင် မရစဖူး

http://www.dhammadownload.com



အရထူးတာကြီး အလွဲသုံးစား သုံးနေပါကလား ဆိုတာက လေးကိုလဲ သိစေချင်တယ်....(မှန်ပါ့ဘုရား)။

၃။ အလွဲသုံးစား တို့လုပ်နေတယ်ဆိုတာလဲ တကာတကာ မတွေ့ လူ့ပြည်လာပြီးသကာလ အိမ်ထောင်ခြင်း၊ သား မွေးခြင်း၊ သားသမီးတွေ လုပ်ကျွေးခြင်း၊ ဒါလုပ်ဖို့လာတာ မဟုတ်ပါဘူး....တဲ့၊ဒုက္ခဝဋ်မှ ကျွတ်ချင်လို့ အပါယ်လေးပါးမှ တက်ပြီးသကာလ လာခဲ့ကြရတာ၊ ဒီကျမှ ယောင်ချာချာ၊ ဘဝတဏှာက လှည့်စားလိုက်၊ ပတ်ဝန်းကျင်က လှည့်စား လိုက်နဲ့ တကာတကာမတွေ့မှာ....တဲ့၊ မရစဖူး အရထူးတဲ့ဘဝ ကြီး အလွဲသုံးစားနဲ့အချိန်တွေ ဖြုန်းလိုက်တဲ့အတွက်အနာကြီး နာနေတယ်ဆိုတာ သိအောင်လဲ လုပ်ကြပါ....(မှန်ပါ့ဘုရား)။

၄။ ဆိုးလွန်းလို့ ပြောပါတယ်....(မှန်ပါ့ဘုရား) အိမ် ရောက်သွားတယ်ဆိုရင် သားက လှည့်လိုက်၊ သမီးက လှည့် လိုက်၊ ပစ္စည်း၊ ဥစ္စာက လှည့်လိုက်ဆိုပြီး ခန္ဓာကိုယ်ကြီး အချိန် ကုန်ပြီးသကာလ အိုခြင်းဆိုးတွေ တိုးပြီးသကာလ နာခြင်း ဆိုးဘက် ပြေးသွားတဲ့ဥစ္စာ သေခြင်းဆိုးနဲ့ နီးကပ်သွားတာ တွေကိုပဲ တကာတကာမတွေ့က မသိလိုက်တော့ ရလာတဲ့ဘဝ ကြီး အလွဲသုံးစားနဲ့ ဖြုန်းလိုက်တာ သေချာတယ်ဆိုတဲ့ ဥစ္စာ ဘာမျှ ပြောစရာ မလိုတော့ဘူး (မှန်ပါ့ဘုရား)။

၅။ ဒါကြောင့် ဒီနေ့ကစပြီး သကာလ ဘုန်းကြီးတို့ တကာတကာမတွေ့....အလွဲသုံးစား ဇာတ်ကိုဖြင့် အသိမ်းကြီး သိမ်း၍ အငြိမ်းကြီး ငြိမ်းတဲ့ နိဗ္ဗာန်မရောက် ရောက်အောင်

http://www.dhammadownload.com



ကြိုးစားပါမယ်ဆိုတဲ့ စိတ်ဖြင့် သန်သန်ထွားထွားကြီး မွေးရမယ်....(မှန်ပါ့ဘုရား)။

*

## ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ခန္ဓာညာဏ်ရောက်တရားတော် အမှတ်စဉ် (၁၄)မှ မကောက်နုတ်ချက်များ

## ပဏ္ဍာမအရသာ

ဟာ ရားဆိုတာ နာရင် ကုသိုလ်ရတာချည်း ဆိုပေမယ့် နိဗ္ဗာန်ရတဲ့တရား၊ မရတဲ့တရား ရှိသေးတယ်၊ ကုသိုလ်တော့ ရတာချည်းနော်....၊ နိဗ္ဗာန်တော့ ရမယ်-မရမယ်ဆိုတာ ဒိဋ္ဌိ ခွာတဲ့တရားမှ နိဗ္ဗာန်ရမယ်၊ (ဦးကျော်မောင်တို့ မှတ်ထားတာက တရားနာရင် ကုသိုလ်ရ၊ ကုသိုလ်ရရင် နိဗ္ဗာန်ရတာပေါ့... လို့) ဒီလိုများ သွားမပြောလိုက်နဲ့၊ ဦးမြ-အတော်နာတယ် (ဟုတ်မှ မဟုတ်ပဲ)။

တရားနာတာ ကုသိုလ်ရတာတစ်မျိုး (ကုသိုလ်ရတယ်)။

တရားနာတာ ဒိဋ္ဌိကွာတာတစ်မျိုး.... (နိဗ္ဗာန်ရတယ်)။

ကုသိုလ်ရအောင်ဟောတဲ့ ဆရာသမားက တစ်မျိုး၊ နိဗ္ဗာန်ရအောင်ဟောတဲ့ ဆရာသမားက တစ်မျိုး } ဒါ မကွဲကြဘူး။

မင်းလုပ်ရင်.... သေတော့ မင်းရတာပေါ့ဆိုတဲ့ တရားမျိုး ခင်ဗျားတို့က သိပ်သဘောကျနေတယ် (အဲဒါ သဿတဒိဋ္ဌိပါတယ်) ဒါ နိဗ္ဗာန် မရဘူး၊ မင်း လုပ်ပေမယ့် (အနတ္တကွ)

http://www.dhammadownload.com



အကြောင်းအကျိုးပဲ၊ အကြောင်းအားလျော်စွာ အကျိုး ဖြစ်မှာပဲ၊ အကြောင်းချုပ်ရင် အကျိုးချုပ်မှာပဲ၊ မင်း ဟာ ရယ်လို့ ဘာမှ မရှိဘူးဆိုတဲ့ စေတနာတွေပါ အနုတ္တ၊ အကျိုး ပေးတွေပါ အနုတ္တ။

ဒါကြောင့်....

ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿစ ဝေဒကော။
သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊ ဧဝံ တံ သမ္မဒဿနံ။
(ဝိသုဒ္ဓိမဂ်)

ငါလုပ်-ငါရဆိုရင် နိဗ္ဗာန်မရပါဘူး။

(ဒိဋ္ဌိ)ဆိုတာ မဂ်တား-ဖိုလ်တား (သို့အတွက် ဒါန သီလ သမထ ဝိပဿနာလုပ်မှုထက်) (ဒိဋ္ဌိ) ဖြုတ်မှုကို ရှေ့တားရ ပါမည်။

အထက်ပါ သာသနာ၏ အနှစ်တရားများကို နာကြား လိုသူတိုင်း နီးစပ်ရာမိုးကုတ်ဓမ္မာရုံများသို့ အချိန်မီကြွရောက် ကြပါရန် နှိုးဆော်အပ်ပါသည်။

**သတိ ။** ၁။ အမြဲမရှိသော ကိုယ်နှင့် မြဲသော နိဗ္ဗာန်ကို မလဲနိုင်ဘူးလား။
၂။ သူယုတ်မာသည် သူတော်ကောင်းကို နိုင်၏၊ အကုသိုလ်ကို မနိုင်ချေ။
၃။ တရားသိမှ လောကစံ၏အတိုက်ကို ခံနိုင်ပေ မည်။

http://www.dhammadownload.com



# ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ခန္ဓာဉာဏ်ရောက် တရားတော် အမှတ်စဉ် (၁၆)မှ ကောက်နုတ်ချက်များ

## ပဏာမ အရသာ

၁။ လူရယ်လို့ ဖြစ်လာရင်ဖြင့် အိမ်ထောင်ရက်သားနဲ့ နေဖို့ပဲ...(မှန်ပါ့) ပိုလျှင်လဲ လှူဖို့ပဲ....(မှန်ပါ့) ဒါမှ သေရာ ကောင်းတော့မပေါ့၊ ဘဝကူးကောင်းဖို့ အရေးကြီးတယ်၊ ဒါပဲ ခင်ဗျားတို့ တတ်တယ်။ စာမျက်နှာ (၅၇၃)။

၂။ ဒီခန္ဓာကြီးကြောင့် အိုရတယ်...(မှန်ပါ့) ဒီခန္ဓာကြီး ကြောင့် နာရတယ်.... (မှန်ပါ့) ဒီခန္ဓာကြီးကြောင့် သေရ တယ်၊ ဒီခန္ဓာကြီးရှိတဲ့အတွက် အပါယ်ဘေး ကြောက်ရတယ်။ စာမျက်နှာ (၄၉၈)။

၃။ ဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ.... ဘာကလေး လှူလှူ၊ ဘာကလေး တန်းတန်း (ဘဝကူး ကောင်းဖို့)များ မလုပ်ပါနဲ့။ စာမျက်နှာ (၄၉၉)။

၄။ (ဘဝကူးကောင်း) ဆိုတဲ့ဥစ္စာ သစ္စာမသိလို့ ဖြစ်ရတဲ့ အဖြစ်တွေလို့ တကာသစ်က မှတ်လိုက်ပါ။

၅။ ဘဝကူးတယ်ဆိုရင် စုတိပြီး ပဋိသန္ဓေရလာတယ်.... (မှန်ပါ့) စုတိက ဘာသစ္စာ.... (ဒုက္ခသစ္စာ) ပဋိသန္ဓေ ကကော (ဒုက္ခသစ္စာပါဘုရား)။ စာမျက်နှာ (၄၉၉)။

http://www.dhammadownload.com



၆။ ဪ.... ဒုက္ခက ဒုက္ခကူးတာများ ဘယ်သူက အကောင်းလို့ ပြောထားပါလိမ့်။ စာမျက်နှာ (၄၉၉)။

၇။ ဘဝကူးတယ်လို့ထင်ရင် ဘာတုံး.... (သဿတဒိဋ္ဌိပါ) ကောင်းတယ်ထင်တာက ... (သစ္စာမသိလို့) အားလုံး တကာ တကာမတွေ ဘဝကူးကောင်းဖို့ဖြင့် ခင်ဗျားတို့ အမှားကြီးကို အကြီးအကျယ် ပြင်ပါဆိုတာ သတိပေးလိုက်တယ်။

စာမျက်နှာ (၅၀၁)။

၈။ ခန္ဓာဆုတောင်းယူတဲ့ ပုဂ္ဂိုလ်များ (အင်မတန်မှား တယ်)ဆိုတာ ယုံယုံကြည်ကြည်နဲ့ မှတ်စမ်းပါ။

စာမျက်နှာ (၄၉၈)။

၉။ တကာကြွယ်တို့ လူစုကလဲ အသက်သာကြီးနေတယ်၊ မိတ်ဆွေချင်းတွေ့ကြရင် ကျောင်းဆောက်တယ်၊ ဘုရားတည် တယ်၊ (မတည်ရဘူး) ဘုန်းကြီးက မဆိုပါဘူး (ဘဝကူး ကောင်းဖို့လောက်တော့ မဖြစ်စေနဲ့) စာမျက်နှာ (၄၉၉)။

၁၀။ အသက်ကလဲ ကြီးပြီဗျာ၊ ဘဝကူးကောင်းဖို့အရေး ကြီးတယ်....(မှန်ပါ) သူကဖြင့် တရားသုံးလိုလိုနဲ့ ဒိဋ္ဌိသံကြီး။

၁၁။ ဒါကြောင့်....မနေ့က(ဘဝကူး)ဆိုတာ တော်တော် ပြောခဲ့တယ်၊ (ဘဝကူးကောင်းဖို့) ဆိုတဲ့ဥစ္စာကို ပယ်ကြ.... (မှန်ပါ) ဘဝချုပ်ငြိမ်း ရုပ်သိမ်းတဲ့ နိဗ္ဗာန်ကိုသာ ရအောင် ကြိုးစားကြ။ စာမျက်နှာ (၅၀၃)။

**ဤစာတမ်းကို ဉာဏ်နား၊ ဉာဏ်မျက်စိဖြင့် ဖတ်ရှုနာယူ၍ မိရိုးဖလာ အမှားများပယ်ပြီးလျှင် အမြင်မှန်(သမ္မာဒိဋ္ဌိ) ရကြ ပါစေ။**

http://www.dhammadownload.com



(သံယုတ္တနိကာယ)
ခန္ဓဝဂ္ဂ သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်
(ဆပ္ပါဏကောပမသုတ်)

၁။ မြင်စိတ်ဆိုတာ မြွေပမာ ရှုပ်ရာအမှန် ကြိုက်လေသည်။

၂။ ကြားစိတ်ဆိုတာ မိကျောင်းပေါ ရေဟာအမှန် ကြိုက်လေသည်။

၃။ နံစိတ်ဆိုတာ ငှက်ပမာ လွန်စွာ ကောင်းကင်ကြိုက်လေသည်။

၄။ စားစိတ်ဆိုတာ အိမ်ခွေးပေါ စားရာအမှန် ကြိုက်လေသည်။

၅။ တွေ့ထိစိတ်ဟာ တောခွေးပေါ အိပ်ရာအမှန် ကြိုက်လေသည်။

၆။ ကြံစိတ်ဆိုတာ မျောက်ပမာ ဆော့ရာအမှန် ကြိုက်လေသည်။

၇။ သားကောင်ခြောက်မည် ကြိုးကိုယ်စီ ဆွဲချည်တိုင်မှာ ထားရမည်။

၈။ သားကောင်ခြောက်မင်း တိုင်ခြေရင်း စင်းစင်းနေခါ သေရမည်။

http://www.dhammadownload.com



(စိတ် ၆-ပါး ရှုပုံ)

၁။ သွားကောင်ပမာ စိတ်ခြောက်ဖြာ တိုင်မှာမြဲစွာထား ရမည်။

၂။ မြဲစွာထားလျှင် ယောဂီရှင် ရှုလျှင် မဂ်ဉာဏ်ပေါက် ရမည်။

၃။ မဂ်ဉာဏ်ပေါက်လျှင် နိဗ္ဗာန်မြင် လေးခွင်အပါယ်ပိတ် ပါပြီ။

၄။ သံယုတ်ကျမ်းလာ ဆပ္ပဏာ ဗုဒ္ဓရှုရာ ဟောခဲ့ပြီ။

---

* မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေး အဖွဲ့ချုပ်မှ ထုတ်ဝေ ဖြန့်ချိသည်။

* သီရိနန္ဒာပုံနှိပ်တိုက်၊ အမှတ် ၂၁၅၊ ၃၂-လမ်း၊ ရန်ကုန်မြို့။